ဦးခင်ဇော် (မရမ်းကုန်း)



# တရားဥပဒေစိုးမိုးရေး
# The Rule of Law နှင့်
# လောကပါလတရား
# Eternal Principles

## ဦးခင်ဇော် (မရမ်းကုန်း)(အဘိဓမ္မာဓရ)

ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ဦးဘစိုး၊ ဒေါ်ရီတို့ မှ (၁၅. ၁၀. ၁၉၅၁) နေ့ မွေးဖွားသည် ။ (၁၉၇၀)ခုနှစ်က အ.ထ.က(၁) သဃ်န်းကျွန်းတွင် (၁၀)တန်းထိ ပညာသင်ကြားခဲ့ပြီး "စံပြကျောင်းသားဆု" ရရှိခဲ့သည် ။

ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ B.Sc (Physics) (တန်းစဉ်ဂုဏ်ထူး)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အွန်လိုင်းဘွဲ့လွန် ဥပဒေပညာဒီပလိုမာဘွဲ့(P.G.D.L) (ငါးဘာသာ ဂုဏ်ထူး)၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်မှ ချီးမြှင့်သော "အဘိဓမ္မာဓရ"ဘွဲ့တံဆိပ်၊ စီးပွားရေးဆိုင်ရာ ဥပဒေဒီပလိုမာဘွဲ့(D.B.L)၊ ပင်လယ်ရေကြောင်း ဥပဒေဒီပလိုမာဘွဲ့(D.M.L)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာဘွဲ့(D.I.L)၊ အသုံးချစိတ်ပညာ ဥပဒေဒီပလိုမာဘွဲ့(D.A.Psy)၊ အဆင့်မြင့်ကွန်ပျူတာ ဒီပလိုမာဘွဲ့(D.A.C)၊ သတင်းနှင့် ဆက်သွယ်မှု နည်းပညာ ဒီပလိုမာဘွဲ့(D.I.C.T)၊ အထက်တန်းရှေ့နေ(H.G.P)၊ နိုင်ငံခြားဘာသာ စကားပြောအောင်လက်မှတ်(C.F.L)၊ အင်္ဂလိပ်စာကျွမ်းကျင်မှု အောင်လက်မှတ်(C.G.P.E.C)၊ အင်္ဂလိပ်စာတိုးတက်မှု အောင်လက်မှတ်(E.L.F.C)၊ အခြေခံနှင့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုအောင်လက်မှတ် (B.D.S) (E.D.S)၊ အခြေခံစာရင်းကိုင်ပညာ အောင်လက်မှတ် (C.B.A.C)၊ အသုံးချစီးပွားရေး ပညာအောင်လက်မှတ်(C.A.C)၊ စီးပွားရေးဆိုင်ရာလုပ်ငန်း ဥပဒေ

အောင်လက်မှတ် (C.B.L)၊ အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့် အသိဉာဏ် ပစ္စည်းဆိုင်ရာ ဥပဒေအောင်လက်မှတ် (WIPO-General Course on Intellectual Property-Switzerland) ရရှိခဲ့ပြီး (Online LL.B) ဥပဒေဘွဲ့ တက်ရောက်လျှက်ရှိသည် ။

မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ် အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၊ အ.ထ.က(၅)မရမ်းကုန်း၏ မိဘဆရာအသင်းနာယက၊ မရမ်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်၊ မှုခင်းကျဆင်းရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီ မှုခင်းသတင်းထောက်၊ မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံးအဖွဲ့ဝင်၊ မရမ်းကုန်းမြို့နယ် ကလေးသူငယ်များ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ မရမ်းကုန်းမြို့နယ် သာသနာနုဂ္ဂဟအသင်း မြို့နယ်အမှုဆောင်၊ စည်းရုံးရေးနှင့် အသိပညာပေးပို့ချရေးကော်မတီဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်၊ ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၊ မင်္ဂလာဗျူဟာအသင်း၊ ပိဋကတ်ဗျူဟာအသင်း၊ ရန်ကုန်ရှေ့နေအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်းတို့ မှ အသင်းဝင်လည်း ဖြစ်သည် ။

ဂျူးဖြူနည်းပြ၊ အေးသီတာနည်းပြ စာပေဝိုင်းများ သင်ကြားခဲ့သည် ။ တပ်မတော်မှ အငြိမ်းစားယူခဲ့သည် ။ ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံများသို့ လေ့လာရေး သွားရောက်ခဲ့သည် ။

"စာချစ်သူတို့ ဆုံစည်းရာ" စာပေစကားဝိုင်းကို စိတ်ကူးပုံဖော်ခဲ့သူလည်း ဖြစ်သည် ။

"ဥပဒေဆောင်းပါးများ "၊ "ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတိုများ "၊ "ရွှေလောင်းရှာ လူသတ်မှုကြီးနှင့် ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ "၊ "အကွေ့တစ်သောင်း အကောက်တစ်သိန်းနှင့် ဖြစ်ရပ်မှန် မှုခင်း ဝတ္ထုတိုများ "၊ "ဘယ်တော့မှ ပြန်မလာချင်ပါနဲ့ နော်နှင့် ဝတ္ထုတိုများ "၊ "မြင့်မိုရ်တောင်ရိပ် မှေးအိပ်ရာဝယ်"၊ "အောင်သိဒ္ဓိလမ်းမပေါ်က လုယက်မှုကြီးနှင့် ဖြစ်ရပ်မှန်ဝတ္ထုတိုများ "၊ "လက်ယက်မရှာ မုဒိမ်းမှုကြီးနှင့် ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ "နှင့် ယခု "တရားဥပဒေစိုးမိုးရေး (The Rule of Law) နှင့် လောကပါလတရား (Eternal Principles)" စာအုပ်များ ထုတ်ဝေခဲ့သည် ။

မဏ္ဍိုင်မဂ္ဂဇင်း၏ ဂုဏ်ထူးဆောင်စာတည်း၊ ကိုးနဝင်းရသစုံမဂ္ဂဇင်း၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းမဂ္ဂဇင်းတို့ ၏ အယ်ဒီတာချုပ်ဖြစ်သည် ။

Legal Affair ဂျာနယ် အယ်ဒီတာအဖွဲ့ဝင်လည်း ဖြစ်သည် ။ မြန်မာပို့စ်ဂျာနယ်၊ ဂလိုဘယ်ဂျာနယ်၊ ရွှေမြန်မာဂျာနယ်၊ ရွှေရောင်ဂျာနယ်၊ ရောင်နီဂျာနယ်တို့ ၏ ဥပဒေ (ပညာဒါန) လက်တွေ့အမှုလိုက် ဥပဒေပညာသင်တန်းဖွင့်လှစ်၍ ရှေ့နေရှေ့ရပ်များ ၊ အလုပ်သင် ရှေ့နေများ နှင့် ဥပဒေပညာ လေ့လာသူများအား အခမဲ့သင်ကြားပေးလျက်ရှိသည် ။ ပြည်သူ့အကျိုးပြုဝတ္ထု၊ ဆောင်းပါးပုဒ်ရေ (၁ဂဂဂ)ကျော်ခန့် ရေးသားခဲ့ပြီး ဖြစ်သည် ။

ရုပ်ရှင်အနုပညာတွင် "ဘာမထီဇာနည်" ဗီဒီယိုဇာတ်ကား၊ C.I.D တပ်ဖွဲ့မှ ရိုက်ကူးသော "ကျည်ဆန်လေးတစ်ထောင့် အကြောင်း"၊ ဗီဒီယိုကားများ တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး၊ "ဆူးချိုးသည့် ဖက်" ဗီဒီယိုဇာတ်ကားတွင် ဝတ္ထုဇာတ်ညွှန်းရေးသား၍ ပါဝင်သရုပ်ဆောင်ခဲ့သည် ။ ဇာတ်

ဝင်တေးများ လည်း သီဆိုခဲ့သည် ။

"ဗုဒ္ဓမြတ်စွယ်တော်"ဓမ္မတေးစီးရီးကို စီစဉ်ထုတ်ဝေခဲ့သူ ဖြစ်သည် ။

နေပြည်တော် မြန်မာ့အသံတွင် "လောကပါလတရားနှင့် ဥပဒေ" အစီအစဉ်၌ ဥပဒေပညာရှင်အဖြစ် ဟောပြောထုတ်လွှင့် ပေးနေသူဖြစ်သည် ။

Facebook တွင် -


www.facebook.com/UKhinZaw-Mayangone, Email-ukhinzaw@gmail.com ဖြင့် ဥပဒေပညာ ပြန့်ပွားရေးအတွက်ဆောင်ရွက်လျှက် ရှိသည် ။

မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၈)မိုင်လမ်းဆုံအနီး၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ တိုက်(၂)၊ အခန်း(၁၃) (ပထမထပ်) တွင် နေထိုင်လျက်ရှိပါသည် ။

ဖုန်း ၀၉-၇၃၀၇၀၄၃၃

(၁၁.၁၂.၂၀၁၃)

******



# ကျေးဇူးတင်လွှာ

ကျေးဇူးတင်လွှာ

မိဘနှစ်ပါးနှင့် ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာအပေါင်းတို့ အား ဤစာစုဖြင့် ဂါဝရပြုအပ်ပါသည် ။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီပေးကြသော ဦးဝဏ္ဏဇော်( တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်စန်းစန်းမော်(တရားလွှတ်တော်ရှေ့နေ) အထက်တန်းရှေ့နေများ ဖြစ်ကြသော ဒေါ်စောနှင်းအေး၊ ဒေါ်သူဇာအော

င်၊ ဒေါ်သက်သက်မွန်၊ ဒေါ်ကြူကြူလှိုင်၊ ဒေါ်ခိုင်ဇင်ထွန်း၊ ဒေါ်ရည်မွန်အောင်၊ ဒေါ်မျိုးသူဇာနှင်း၊ ဒေါ်ပြည့်ဖြိုးလွင်၊ ဒေါ်ဟန်နီအောင်မျိုး၊ ဒေါ်နန္ဒာမြင့်၊ ဒေါ်ခင်မို့မို့ဝင်း၊ ဦးသီဟအောင် အလုပ်သင် ရှေ့နေများ ဖြစ်ကြသော ဦးသီဟမြင့်၊ ဦးသူရအောင်၊ ဒေါ်ယဉ်ယဉ်ထွန်း၊ ဒေါ်သန္တာဝင်း၊ ဒေါ်သိင်္ဂီဝင်း၊ ဒေါ်စီစီမြင့်၊ ဒေါ်ထိုက်ထိုက်ကျော်၊ ဒေါ်စောယုနိုင်၊ စာရေးဆရာမသီရိ(ပုတီးကုန်း)၊ ကွန်ပျူတာစာစီပေးသော မအိသူဇာ(ရောင်နီဂျာနယ်)၊ စာရေးသားရာတွင် အနှောင့်အယှက် မပေးဘဲ စာဖတ်နေကြသော လမင်းစန္ဒာ (ထ-၄)လှိုင်သာယာ၊ မောင်ရဲသွေးဇော် (ထ-၅) မရမ်းကုန်း၊ အချိန်မီ ဆက်သွယ်ဆောင်ရွက်ပေးသော ယာဉ်မောင်း ဦးအောင်ကျော်၊ အဘက်ဘက်မှ ကူညီပေးကြသော ဥပဒေ (ပညာဒါန) လက်တွေ့အမှုလိုက် ဥပဒေပညာသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုအပ်ပါသည် ။

**ဦးခင်ဇော်(မရမ်းကုန်း)(အဘိဓမ္မာဓရ)**

## စာအုပ်မျက်နှာဖုံးနှင့် ပတ်သက်၍

မျက်နှာဖုံးရှင်သည် ဦးခင်ဇော် (မရမ်းကုန်း)ဖြစ်ပြီး ရှေ့နေဝတ်စုံသည် သတ်မှတ်ထားသည့် အတိုင်း အင်္ကျီအဖြူ၊ ကော်လံကတုံးနှင့် ရှေ့နေတိုက်ပုံအနက်ရောင်ကို တလေးတစား တန်ဖိုးထား၍ ဝတ်ဆင် ဖော်ညွှန်းအပ်ပါသည် ။

အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် လူသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်း၊ ဘာသာသာသနာ ထွန်းကားခြင်းဟူသော အဓိပ္ပာယ်ကို ဆောင်ပါသည် ။

အစိမ်းရောင်သည် မြေဆီသြဇာကြွယ်ဝခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် လူသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်း၊ ဘာသာသာသနာ ထွန်းကားခြင်းဟူသော အဓိပ္ပာယ်က ဆောင်ပါသည် ။

အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ သတ္တိရှိခြင်း၊ ရင်ဆိုင်ရဲခြင်း၊ နောက်မဆုတ်ခြင်း၊ သည်းခံတတ်သော်လည်း အညှဲ့မခံတတ်ခြင်းဟူသည့် အဓိပ္ပာယ်ကို ရည်ရွယ်ပါသည် ။

အဖြူရောင်သည် ဖြူစင်သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ အကျင့်သီလကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရား

မြင့်မားခြင်း၊ ကရုဏာတရား ပြည့်ဝခြင်း၊ စွမ်းအားများ နှင့် ပြည့်စုံခြင်း ဟူသော အဓိပ္ပာယ်ကို ဦးတည်ပါသည် ။

လောကနတ်ရုပ်တုသည် ညီမျှခြင်း၊ လွတ်လပ်ခြင်း၊ မျှတခြင်းတည်း ဟူသော လောကပါတရားကို ထွန်းကားတည်မြဲရေးအတွက် စောင့်ရှောက်ပေးကြောင်း ဖော်ပြပါသည် ။

## အထူးကျေးဇူးတင်ရှိခြင်း

စာရေးသူ၏ ဘဝအခြေအနေသည် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးနောက် စစ်ယူနီဖောင်း၊ ဖိနပ်၊ ခါးပတ်ကအစ ပြန်လည်အပ်နှံခဲ့ရ၍ ဘာမျှမပါ၊ လက်ချည်းဗလာစွန့်စားပြီး ဥပဒေနယ်ထဲသို့ ခြေစုံပစ်ဝင်ရောက်လာခဲ့သည် ။

ခရီးစရိတ်မှ အစ ဝတ်စရာအင်္ကျီ၊ စီးစရာညှပ်ဖိနပ် အဆုံးအကူအညီထောက်ပံ့ပေးပြီး ဥပဒေနှင့် ပတ်သက်လာသမျှကို ဆရာစားမချိန်၊ စာတွေ့၊ လက်တွေ့၊ သင်ကြားပေးခဲ့သော- "တရားလွှတ်တော်ရှေ့နေ ဦးကျော်ငြိမ်း (ဖောင်တော်သီ)"အား ဤစာစုဖြင့် ဂါရဝပြုအပ်ပါသည် ။ ဆရာ့၏ လမ်းညွှန်ဆုံးမ သွန်သင်ပြမှုတို့ ကြောင့် ဤဘဝ ဤအခြေအနေသို့ ရောက်ခဲ့ရပါကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည် ။

စာရေးသူ၏ ဘဝတွင် လက်ညှိုးထိုး၍ ဝေဖန်အပြစ်ပြောခဲ့သူများအားလုံးကို ကျေးဇူးတင်ပါသည် ။

လက်ခုပ်တီးပြီး ကောင်းချီးပေးခဲ့သူများကိုလည်း ချန်ထားမည် မဟုတ်ပါ။

စာရေးသူ၏ မပြည့်ဝသောဘဝကို အဘက်ဘက်က ပါရမီဖြည့်ပေးခဲ့ သူများ ၏ ကျေးဇူးကိုလည်း ဘယ်တော့မှ မေ့ထားမည် မဟုတ်ပါ။

စာရေးသူ



ကိုယ်ပိုင်အမှတ် ၃၈၁၈၅၇ တပ်ကြပ်ကြီးစင်ဇော် (ငြိမ်း)

က.ပ.စ (၅) ထုံးဘို၊ ပန်းတောင်းမြို့နယ်

ပဲခူးတိုင်းဒေသကြီး

ကိုယ်ပိုင်အမှတ် ၃၈၁၈၅၇ တပ်ကြပ်ကြီးခင်ဇော် (ငြိမ်း)

က.ပ.(၅)ထုံးဘို၊ ပန်းတောင်းမြို့နယ်

ပဲခူးတိုင်းဒေသကြီး



# ရင်ထွင်းစကား

# ရင်တွင်းစကား

တရားဥပဒေစိုးမိုးရေးနှင့် လောကပါလတရားကို ရေးသားရန် ရည်ရွယ်ခဲ့သည် မှာ နှစ်တွေ၊ လတွေ များ စွာကြာမြင့်ခဲ့ရသည့် တိုင် လက်တွန့်နေခဲ့သည် ။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အရ မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားပုံနှိပ်ဖြန့်ဝေခွင့်ရသည့် အချိန်ရောက်မှ အကောင်အထည်ပေါ်လာရခြင်းဖြစ်သည် ။

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတွင် စာရေးသူကိုယ်တိုင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်လိုသည် ။ ရှေ့နေလုပ်သက် နှစ်ပေါင်းသုံးဆယ်ကျော် ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ရသည် ။

ရင်ဆိုင်ခဲ့ရသည့် တရားစီရင်ရေးလောက၊ ဆက်ဆံခဲ့ရသည့် ရဲ၊ တွေ့ဆုံခဲ့ရသည့် ဥပဒေအရာရှိများ ၊ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသာလို့ ပင့်သက်ရှူခဲ့ရသည့် တရားသူကြီးများ ၊ စရိုက် အမျိုးမျိုးဖြင့်တွေ့ခဲ့ရသော လုပ်ငန်းတူလုပ်ဖော်ကိုင်ဖက် ရှေ့နေ ရှေ့ရပ်များ ၊ မှန်သည် လည်း ဟုတ်၊ မှားသည် လည်း ပါသော လက်ခံဆောင်ရွက်ပေးခဲ့ရဖူးသည့် အမှုအခင်းများ ၊ ငိုဟယ်ရယ်ဟယ် အသွယ်သွယ်ဖြင့် မရှိကိုအရှိလုပ်၊ အရှိကို မရှိလုပ်ခဲ့ကြသည့် ၊ အမှုသည် များကို ပြန်လည်အောက်မေ့ သတိရစေလိုသည် ။

အမှန်တရားကို နောက်ကျမှ သိမြင်လာရသောအခါ ကြီးစွာ သော

နောင်တသာ ရင်ဝယ်ထိမှန် ကျန်ရစ်ခဲ့ရပါသည် ။

တရားဥပဒေစိုးမိုးရေး (Rule of law) နှင့် လောကပါလတရား (Eternal Principles) ထွန်းကားရန် ရည်ရွယ်ပြီး ဤစာစုကို ရေးသားလိုက်ရပါသည် ။

အနာပေါ်တုတ်ကျ၍ နာကြမည်ဟု ဆိုလျှင်လည်း နာတတ် စေချင်သည် ။

စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသမျှထဲမှ အဆင့်အတန်း အမျိုးမျိုးတို့ ၏ မှားယွင်းမှုများကို ထောက်ပြပြောဆိုသဖြင့် အမုန်းတရားပွားကြမည်ဟု ဆိုလျှင်လည်း ကျေကျေနပ်နပ်ခံယူပါမည်။ စာရေးသူသည် လည်း ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ခဲ့ပါ။

ခေတ်ဆိုးစနစ်ဆိုး၏ အကျင့်စရိုက်ဆိုးတောထဲတွင် ရှောင်ရင်းတိမ်းရင်း၊ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် မမှန်သည် လည်း လုပ်ခဲ့ဖူးပါသည် ။ အမှားကိုလည်း ဆိုခဲ့ဖူးပါသည် ။ အကျင့်တွေလည်း ပျက်ခဲ့ရပါသည် ။

ငွေများ တရားနိုင်၊ ငွေနည်းတရားရှုံး၊ အပိုင်းလေး (Under table) များ ပြုခဲ့ရပါသည် ။ ကိုယ်ကျင့်တရားဟူသည် အိပ်မက်ပင် မမက်နိုင်ခဲ့ပါ။

ဘယ်သူမပြုမိမိမှုဖြစ်၍ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက် ဖြစ်ခဲ့ရသောဘဝများ ၊ ကုန်ဆုံးခဲ့ရသောအချိန်များကို နှမြောတသ ယူကျုံးမရဖြစ်ရပါသည် ။ မိမိကဲ့သို့ မမှားစေလိုပါ။ မိမိကဲ့သို့ မလွဲစေချင်ပါ။ မိမိကဲ့သို့ သစ္စာမမဲ့စေချင်ပါ။

မှန်သည့် ဘက်က ပြတ်ပြတ်သားသား ရပ်တည်ပါမည်။ ပြုပြင်ပေးပါမည်။ တည့်မတ်ပေးပါမည်။ ပျက်အစဉ်ပြင်ခဏမို့ ပြင်စရာတွေ

ပြင်ကြရပါမည်။

တိုက်ဆိုင်မှုရှိလျှင်လည်း မှားယွင်းခဲ့ကြသူများကို ရည်စူးခြင်း ဖြစ်၍ လက်လှမ်းမီသမျှ ပြင်ဆင်နိုင်ကြပါစေ။

မိမိကိုယ်မိမိ လှည့်စားနေကြဦးမည်ဟု ဆိုလျှင်လည်း ဆန္ဒအတိုင်းသာ ဖြစ်ပါသည် ။

ပြုပြင်ကြမည်ဟု ဆိုလျှင်လည်း ကာယကံရှင်အတွက်သာမက အများ အတွက် ဝမ်းသာစရာဖြစ်ပါမည်။ တိုင်းပြည်အတွက် အလွန်ကောင်းပါမည်။

မသိကျိုးကျွန်ပြုနေဦးမည်ဟု ဆိုလျှင်လည်း ကိုယ့်သမိုင်းကိုယ်ရေးနေကြခြင်းဖြစ်၍ ကိုယ့်ထိုက်နှင့် ကိုယ့်ကံသာ ဖြစ်ပါရော့မည်။

ယနေ့လူငယ်များ အတုခိုးမှားသွားမည်ကိုသာ စိုးရိမ်မိသည် တစ်ခုဖြစ်ရပါသည် ။

**စာရေးသူ**
**(၂၀၁၃)**

******



# တရားဥပဒေ

## တရားဥပဒေ

တရားဥပဒေဟူသည် "တရား" ဟူသောဝေါဟာရနှင့် "ဥပဒေ"ဟူသောဝေါဟာရတို့ ပေါင်းစက်ထားခြင်းဖြစ်သည် ။

"တရား"သည် "မှန်ကန်ခြင်း၊ မျှတခြင်း"တို့ ၏ အဓိပ္ပာယ်ကို ဆောင်သည် ။

"ဥပဒေ"သည် ပါဠိစကား ဥပဒေမှ ဆင်းသက်လာသော ညွှန်ကြားသူ၊ ညွှန်ကြားချက်၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း စသည် ဖြင့် အဓိပ္ပာယ်ရသည် ။

တရားဥပဒေကို မှန်ကန်မျှတသော ညွှန်ကြားချက်၊ အမိန့်၊ စည်းမျဉ်းဟု ဆိုနိုင်ပါသည် ။

လူသားအားလုံးတို့ လိုက်နာကျင့်သုံးရသည့် ကိုယ်ကျင့်တရားနှင့် ရှောင်ကြဉ်ရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များ ဖြစ်သည် ။

တရားဥပဒေသည် အမိန့်သက်သက်မဟုတ်။

လူသားတို့ ၏ အကျိုးနှင့် အကျိုးခံစားခွင့် ရပိုင်ခွင့်(Right)နှင့် တာဝန်(Duty) ပိုင်းကို ညီညွတ်မျှတစေရန် ထုတ်ပြန်သည့် အမိန့်မျိုးဖြစ်သည် ။

ပြည်သူအချင်းချင်း ဆက်ဆံရာမှ ပေါ်ပေါက်လာသော အမှုအခင်းများ ၊ ပြည်သူနှင့် အစိုးရတို့ အကြားဖြစ်ပေါ်လာသည့် ကိစ္စရ

ပ်များ ၌ တရားမျှတမှုရှိစေရန်နှင့် ပြည်သူတို့ ၏ အကျိုးကို အဓိကထား ရည်ရွယ်သော ပြဋ္ဌာန်းချက်များ လည်း ဖြစ်သည် ။

ဥပဒေသည် ထက်မြက်မှုရှိရမည်။

ဥပဒေကို လူအများက,လေးစား(Respect the law) လိုက်နာကျင့်သုံးခြင်းပြုမှ သာလျှင် ရပ်ရွာအေးချမ်း သာယာမည်ဖြစ်သည် ။ စည်းလုံးညီညွတ်မည်။

တရားဥပဒေစိုးမိုးရေး (Rule of law) ရှိမည်ဖြစ်သည် ။ နိုင်ငံတော်လည်း စည်ပင်ဝပြောမည်။

တရားဥပဒေဆိုသည် မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့နှင့် လွတ်ကင်းပြီး ရေးဆွဲပြဋ္ဌာန်းထားခြင်းမျိုး မဟုတ်ပါ။

ဥပဒေကို လူတိုင်းသိထား၊ တတ်ထားရမည်။

အကြောင်းခြင်းရာကိုမသိ၍ ပြစ်မှုကျူးလွန်မိခြင်းကို ခွင့်လွှတ်၍ ရနိုင်သော်လည်း ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်မိပါသည် ဆိုခြင်းကို ခွင့်လွှတ်၍ မရနိုင်ပါ။ (Ignorance of fact is an Excuse, Ignorance of law is not an Excuse)

တရားဥပဒေသည် ထုတ်ပြန်ပြဋ္ဌာန်းပြီးလျှင် မပြောင်းမလဲဘဲမနေ။ ခေတ်၊ စနစ်နှင့် လူတို့ ၏ အတွေးအခေါ် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုတို့ အရ လိုအပ်လျှင်လိုအပ်သလို ပြောင်းလဲနေမည်သာဖြစ်သည် ။

လူသားတို့ ၏ အစားဆင်းရဲခြင်းဒုက္ခ၊ အဝတ်ဆင်းရဲခြင်းဒုက္ခ၊ အူမမတောင့်၍ သီလမစောင့်နိုင်သောဒုက္ခ ကင်းဝေးရန်လိုသည် ။

ဒုက္ခအပေါင်းတို့ မှ လွတ်ကင်းကြ၍ ဘဝ၏ မွန်မြတ်သော သိမြင်ခံ

စားစေနိုင်သည့် လူ့ဘောင်လောကကြီး တည်ဆောက်နိုင်ရန် အရေးကြီးသည် ။

ခေတ်စနစ်များ ၊ အုပ်ချုပ်သူလူတန်းစားများ ၊ လူနေမှုအဆင့်အတန်းများ မည်သို့ပင်ပြောင်းလဲနေကြစေကာမူ လူတိုင်းအတောင့်တဆုံးသည် ကား တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား (The Eternal Principles) ပင်ဖြစ်သည် ။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များက ဥပဒေမရှိခဲ့ပါ။ လူ့ယဉ်ကျေးမှု တိုးတက်ပြောင်းလဲလာသည် နှင့် အမျှ လူတွေကြောင့် ဥပဒေဖြစ်ပေါ်လာရခြင်းဖြစ်သည် ။

လူက ဥပဒေကိုချိုးဖောက်ပြီး ဥပဒေကမတရားဘူးဟု ဆိုပြန်သည် ။

ဘဝကိုဖြတ်သန်းသည် ဟု ဆိုရာတွင် ပန်းခင်းသောလမ်းကို လျှောက်လှမ်းခြင်းမျိုး မဟုတ်ပါ။ ခက်ခဲကြမ်းတမ်း၊ ဆူးငြောင့်ခလုတ်ထူပြောသော ခယောင်းတောကို ဖြတ်သန်းရသလို ခံစားရတတ်သည် ။

ခက်ခဲမှ တန်းဖိုးပိုပြီး ရှိပါသည် ။ လွယ်လွယ်ရသော ပညာကို တန်ဖိုးမထားတတ်။

ရခဲမှ ရတနာ၊ တတ်ခဲမှ ပညာဖြစ်သည် ။

ကောင်းမွန်သောအစိုးရ (Good Government)၊ သန့်ရှင်းသောအုပ်ချုပ်ရေးစနစ် (Clean Governance) ထွန်းကားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည် ။

ဥပဒေသည် လူတို့ နေ့စဉ်ကူးလူးဆက်ဆံခြင်းနှင့် ပတ်သက်နေသည် ။

ဥပဒေသည် လူတွေကို ကြောက်အောင်လန့်အောင် ပြဋ္ဌာန်းထားခြင်းမျိုး မဟုတ်ပါ။ ဖြစ်လည်း မဖြစ်သင့်ပါ။

တရားဥပဒေသည် ဖြောင့်မှန်ဖြူစင်သော ပြည်သူကို ကာကွယ်မည်။ ကောက်ကျစ်ညစ်ညမ်းသောသူကို ပြစ်ဒဏ်ခတ်မည်ဖြစ်သည် ။

ဆင်းရဲချမ်းသာ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး အားလုံးသော ပြည်သူတို့ အတွက် ညီမျှသောတရားဥပဒေတစ်မျိုး တစ်စားတည်းသာလျှင် ရှိသည် ။

တရားရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့ လိုသည် ။ တရားဥပဒေစိုးမိုးရေး (Rule o f law) ကို အလေးထားရမည်။

အာဏာရှင်နိုင်ငံများ တွင် ဥပဒေသည် ရုပ်ပြပဟန်ဆောင်မျှသာဖြစ်သည် ။ အာဏာရှင်လူတစ်စု၏ လက်နက်သဖွယ်လည်း ဖြစ်သည် ။

အတိုက်အခံဆန့်ကျင်သူတို့ ကို သုတ်သင်ရှင်းလင်းရာတွင် အသုံးပြုသည့် လက်နက် ဖြစ်သည် ။

ဥပဒေကို အယောင်ဆောင်၍ လူအများ ၏ ဒေါသကို လှုံ့ဆော်ခြင်း၊ လက်နက်ဆွဲကိုင်စေခြင်းတို့ ကို လမ်းခင်းပေးသည် ။

အာဏာရှင်တို့ က ဥပဒေကို ဗန်းပြပြီး နှိပ်ကွပ်အုပ်ချုပ်ကြသည် ။ ၎င်းတို့ အတွက် အာဏာသည် ဥပဒေပင်ဖြစ်သည် ။

အာဏာရှိသူတို့ က ဥပဒေ၏ အထက်တွင် ရှိနေပြီး အာဏာမဲ့သူတို့ က ဥပဒေ၏ အောက်တွင် ရှိခဲ့ကြသည် ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဥပဒေထွန်းကားသောနိုင်ငံဖြစ်သည် ။ ဥပဒေကို လူတိုင်းလေးစား လိုက်နာကြရသည် ။ စောင့်ထိန်းရိုသေကြရသည် ။

သို့မှ သာ ပြည်သူကို ဥပဒေက အကာအကွယ်ပေးနိုင်မည်ဖြစ်သည် ။

နေ့စဉ်သွားလာလှုပ်ရှားလုပ်ကိုင်ကြရာတွင် တရားဥပဒေကို လေးစားရိုသေခြင်းတည်းဟူသော အသိစိတ်ဓာတ်ကို ပြည်သူတို့ ၏ ရင်ဝယ်အစဉ်အမြဲကိန်းဝပ်နေဖို့ လိုသည် ။

ရာဇဝတ်မှုဟု ခေါ်သော ပြစ်မှုသည် ပြည်သူတို့ တစ်ဦးနှင့် တစ်ဦး အငြင်းပွားအချင်းများ ခြင်းပင် ဖြစ်သည် ။

ပြစ်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရပါလျှင် "ဥပဒေနှင့် မညီသောပြုလုပ်မှု၊ ဥပဒေနှင့် အညီ ဆောင်ရွက်ရန်ပျက်ကွက်မှု"ဟု ဆိုလျှင် လိုရင်းရောက်မည်ဖြစ်သည် ။

ပြည်သူအချင်းချင်း ပြုလုပ်၊ ပျက်ကွက်ကြရာမှ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်လာသည် ။ ပြည်သူတို့ ၏ ဘဝ လုံခြုံမှုကို စော်ကားလာသည် ။

ပြစ်မှုကျူးလွန်သူကို ဥပဒေက လက်ပိုက်ကြည့်နေမည် မဟုတ်ပါ။ ဥပဒေအရ အရေးယူမည်သာဖြစ်သည် ။

ပြစ်မှုများ တွင် နိုင်ငံတော်က တရားလိုပြုလုပ်၍ ပြစ်မှုကျူးလွန်သူကို အမှုဖွင့်အရေးယူမည်။

တရားမမှုဆိုသည် မှာ ပြည်သူတို့ အချင်းချင်း ကတိကဝတ်ဖောက်ဖျက်မှု၊ မြေရလိုမှု၊ ငွေရလိုမှု၊ အမွေရလိုမှု၊ ကွာရှင်းပေးစေလိုမှု၊ မွေးစားကြောင်းပြောပေးစေလိုမှု၊ စာချုပ်ပယ်ဖျက်ပေးစေလိုမှု၊ နှင်လိုမှုစသည် တို့ ဖြစ်သည် ။

ပြည်သူအချင်းချင်း အမှုစွဲဆိုကြရာတွင် တရားရုံးများက ဝင်ရောက်

၍ အဆုံးအဖြတ်ပြုပေးရသည် ။

တရားမမှုတွင် တရားလိုလုပ်သူက ရုံးခွန်တံဆိပ်ခေါင်းထမ်းဆောင်၍ စတင်တရားစွဲဆိုရသည် ။ အမှုစစ်ဆေးပြီးဆုံးမှ အမှုရှုံးသူက တံဆိပ်ခေါင်းဖိုးအပါအဝင် ကျသင့်သမျှကို ပေးလျော်ရသည် ။ တရားစရိတ်ဟုဆိုသည် ။

ပြည်သူတစ်ဦးသည် မိမိ၏ အသက်အိုးအိမ်စည်းစိမ်ကို ပိုင်ဆိုင်သုံးစွဲခွင့်ရှိသကဲ့သို့ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်လည်း ရှိသည် ။

လူဆိုသည် အသက်နှင့် လူလုပ်ခြင်းမဟုတ်၊ အရှက်နှင့် လူလုပ်နေခြင်းဖြစ်သည် ။ မိမိ၏ ဂုဏ်သရေကို မြတ်နိုးခွင့်၊ ထိန်းသိမ်းခွင့်ရှိသည် ။

အသရေဖျက်မှုသည် ရာဇဝတ်မှုဖြစ်သလို၊ တရားမမှုသာမက ပြည်သူအချင်းချင်းလည်း ဖမ်းဆီးနိုင်ခွင့်ရှိသည် ။

ရဲအရေးပိုင်ပြီး အာမခံပေးခွင့်မရသောပြစ်မှုကို ကျူးလွန်သူအား ပြည်သူကဝင်ရောက်ဖမ်းဆီးခွင့်ပြု ထားသည် ။

ပြည်သူသည် ရဲတပ်ဖွဲ့ဝင်များကို ကူညီပေးရန် တာဝန်ရှိသည် ။ တရားဥပဒေကို လေးစားလိုက်နာတတ်အောင် ကျင့်ကြံကျိုးကုတ် အားထုတ်ရသည် ။

တရားဥပဒေကို သိလျှင်၊ တတ်လျှင် ပြစ်မှုကိုရှောင်နိုင်မည်ဖြစ်သည် ။ မတရားမှုနှင့် ဝေးကွာမည်။

တရားဥပဒေသည် လူတိုင်းကို ကာကွယ်စောင့်ရှောက်ပါသည် ။ မတရားပြုသူကို အရေးယူ အပြစ်ပေးမည်ဖြစ်သည် ။

မျှတသော အခွင့်အရေးများ လည်း ပေးထားသည် ။ မတရားအခွင့်

အရေးယူခြင်းကိုလည်း ဟန့်တားပေးထားသည် ။ တားမြစ်ထားသည် ။

ဥပဒေ၊ နည်းဥပဒေများကို ပြည်သူအများ သိအောင် ကြေညာခြင်းပြုခဲ့လျှင် တိုက်ရိုက်ဥပဒေပြုသည် ။ (Direct legislation) ဟု ဆိုသည် ။

ကြေညာသည့် နေ့မှ စ၍ အာဏာတည်သည် ။ ပြည်သူများ ၊ ရုံးများ ၊ အစိုးရအဖွဲ့အစည်း၊ ဌာနဆိုင်ရာများ အားလုံးက တလေးတစား လိုက်နာကြရပါသည် ။

ရှိရင်းစွဲဥပဒေကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ သည် လည်း ဥပဒေပြုခြင်းတွင် အကျုံးဝင်ပါသည် ။

ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်သည် ။ ပြည့်သူလွှတ်တော်က ဥပဒေပြဌာန်းနိုင်ခွင့်ကို လက်အောက်ခံအဖွဲ့များ သို့ ပေးနိုင်သည် ။

သဘောတူညီချက်အပေါ် အခြေခံ၍ ပဋိညာဉ်စာချုပ် အပါအဝင် သဘောတူညီမှုဆိုင်ရာ ပြုလုပ်မှုများ သည် လည်း ဥပဒေဖြစ်သည် ။ နိုင်ငံတကာဥပဒေနှင့် တရားမဥဒေများ တွင် တွေ့ရသည် ။

လူသည် တစ်ဦးတစ်ယောက်တည်း နေထိုင်၍ မရနိုင်ပါ။

လူတို့ သည် လူမှုရေးလိုအပ်ချက်၊ စီးပွားရေးလိုအပ်ချက်နှင့် လူမှုကိစ္စများ ပြည့်စုံစေရေးအတွက် လူသားအချင်းချင်း ပူးပေါင်းယှဉ်တွဲ၍ နေထိုင်မှ သာလျှင် ရပ်တည်၍ ရနိုင်မည်ဖြစ်သည် ။

ဤသည် မှ စ၍ လူအဖွဲ့အစည်း ပေါ်ပေါက်လာရခြင်းဖြစ်သည် ။ အိမ်ထောင်စုသည် အဖွဲ့အစည်းများ တွင် အခြေခံအကျဆုံးဖြစ်သည် ။ ထိုမှ တစ်ဆင့် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နိုင်ငံ

တော်ဟူ၍ ဖြစ်ပေါ်လာသည် ။

လူအဖွဲ့အစည်းများ ဖြစ်ပေါ်လာရသည် နှင့် အညီ အိမ်ထောင်စုစည်းကမ်း၊ ရပ်ကွက်စည်းကမ်း၊ ဒေသဓလေ့ထုံးတမ်းများ တိုးတက်ဖြစ်ပေါ်လာရသည် ။

ဓလေ့ထုံးတမ်းသည် လူသားများက နှစ်ပေါင်းများ စွာ လက်ခံကျင့်သုံးခဲ့ခြင်း၊ တရားမျှတမှုဖြစ်စေခြင်း၊ တရားဥပဒေကဲ့သို့သော သဘောသက်ရောက်သည့် ရပ်ရွာဒေသဓလေ့ထုံးတမ်းများ ဖြစ်သည် ။

နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာရသည် နှင့် အမျှ လူသားတို့ ၏ စားဝတ်နေရေးနှင့် လူမှုကိစ္စအဝဝတို့ တွင် တရားမျှတမှုရှိစေရန် ရည်ရွယ်၍ လူသားတို့ ကိုထိန်းသိမ်းရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်သည် ။

လူနှင့် ဥပဒေ၊ ဥပဒေနှင့် လူတို့ သည် ခွဲခြား၍ မရပါ။

လူသားများ ဖြစ်ကြသည့် အလျောက် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့ နှင့် မကင်းနိုင်ကြပါ။

တစ်ဖက်တွင် လည်း တရားမျှတခြင်း၊ မှန်ကန်ခြင်း၊ ညီညွတ်ခြင်းစသော တရားဥပဒေ၏ အရိပ်အာဝါသ အောက်တွင် နေလိုကြသည် ။

လူ့သမိုင်းတိုးတက်ပြောင်းလဲလာသည် နှင့် အမျှ တရားဥပဒေသည် လည်း များ ပြားစွာ ပြဋ္ဌာန်းပေးလာရသည် ။

လူ့အဖွဲ့အစည်းများ တွင် တိုးတက်မှုများ ပြားလာသော လူမှုရေး၊ စီးပွားရေး၊ အရောင်းအဝယ်ဖောက်ကားမှု၊ ပိုင်ဆိုင်မှု၊ အမွေဆက်ခံမှု၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်း၊ လက်ထပ်၊ ပြဋ္ဌာန်းပေးရခြင်းဖြစ်သည် ။

လူသားတစ်ဦးအတွက် အမိဝမ်းတွင် ပဋိသန္ဓေနေရသည့် အချိန်ကစ

ပြီး ကွယ်လွန်သေဆုံးပြီးသည် အထိ တရားဥပဒေက ကာကွယ်စောင့် ရှောက်ပေးသည် ။

သေဆုံးသွားပြီးသည့် နောက် မြေမြှပ်သင်္ဂြိုဟ်ဂူသွင်းခြင်းကိုပင် ဥပ ဒေက ကာကွယ်စောင့်ရှောက်ပေးပါသည် ။

ပဋိသန္ဓေဖျက်ဆီးခြင်း၊ လူမမည်ကလေးများကို စွန့်ပစ်ခြင်း၊ အနိုင် အထက်ပြုခြင်း၊ လက်ရောက်မှုပြုခြင်းများကို ကာကွယ်ပေးသည် ။

လူတစ်ယောက်သေဆုံးရာတွင် လည်း ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သံသယဖြစ်သည့် အခါ လိုအပ်သလို စုံစမ်းဖော်ထုတ်နိုင် ရန် ဥပဒေပြဋ္ဌာန်းပေးထားသည် ။

ရပိုင်ခွင့် အခွင့်အရေးများကို အပြည့်အဝရရှိရန် ဥပဒေက ကာကွယ် စောင့်ရှောက်ပေးပါသည် ။

လူအများ နှင့် အတူ ယှဉ်တွဲနေထိုင်ရသည့် အလျောက် မိမိသည် မ ည်သည့် နေရာရောက်နေသနည်း။

မိမိ၏ တာဝန်များ သည် ဘာတွေရှိသနည်း။ မည်သို့သော စည်းကမ်းမျိုးကို လိုက်နာဖို့ လိုအပ်သနည်း။ တရားဥပဒေအရ ရသင့်ရ ထိုင်သည့် အခွင့်အရေးများ မည်သို့ရှိသနည်းစသည် တို့ ကို သိရှိထားရ န်လိုသည် ။

ဥပဒေများ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွ က် မရှိမဖြစ်အလိုအပ်ဆုံးသော အခြေခံဥပဒေ ဖြစ်သည် ။

မည်သည့် ဥပဒေမျှ အခြေခံဥပဒေကို ဆန့်ကျင်ပြီး ပြဋ္ဌာန်းခွင့်မရှိပါ။

အဂတိတရား(၄)ပါး မလိုက်စားသူသည် လဆန်းပက္ခ၌ လကဲ့သို့ စ ည်းစမ်ဥစ္စာရတနာတို့ သည် တစ်နေ့တခြားဒီရေအလား

တိုးတက်ပြန့်ပွားခြင်းရှိကြောင်းကို သင်္ဂါလသုတ်၌ "ဆန္ဒာ ဒေါသာ ဘယာ၊ ယောဓမ္မံ နာတိ ဝတ္တတိ။ အာပူရတိယသော တဿ၊ ဇုဏှ ပက္ခေဝ စန္ဒိမာတိ"ဟူ၍ ဟောတော်မူသည် ။

လောကပါလတရားသည် မွန်မြတ်သော၊ အလိုအပ်ဆုံးသော တရားဖြစ်၍ လူတို့ အနေဖြင့် အကာအကွယ်ယူအပ်သည် ။

ဤလောကတွင် လူကိုတန်ဖိုးထား၍ ညီမျှခြင်း၊ လွတ်လပ်ခြင်း၊ မျှတခြင်းတည်းဟူသော ဟီရိဩတ္တပ္ပတရား ထွန်းကားရန်လိုသည် ။

တရားဥပဒေစိုးမိုးရေး (Rule of law) တည်တံ့စေချင်သည် ။

နိုင်ငံသားတိုင်းသည် ဥပဒေအားလုံးကို လေးစားလိုက်နာကြရသည် ။ ပြည်ပသို့ ထွက်ခွာသွားသော်လည်း ပြည်တွင်းဥပဒေကို လိုက်နာရသေးသည် ။

ပြည်ပတွင် ပြစ်မှုကျူးလွန်ပါက မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် ပြည်တွင်းဥပဒေဖြင့် တရားစွဲဆိုအရေးယူ ဆောင်ရွက်နိုင်သည် ။

တရားဥပဒေနှင့် ဆန့်ကျင်သော အမိန့်အတိုင်း လိုက်နာရမည်ဟု အထက်အရာရှိက အမိန့်ပေးလျှင် အမိန့်လိုက်နာပြုလုပ်သူသည် ဥပဒေအယူအဆ လွဲမှားခြင်းသာဖြစ်သည် ။

အထက်လူကြီး၏ အမိန့်အရ ဆောင်ရွက်သည့် ကိစ္စများ ၌ အထက်လူကြီး၏ အမိန့်သည် တရားဥပဒေနှင့် သိသိသာသာ ဆန့်ကျင်နေပါက ထိုအမိန့်ကို လိုက်နာဆောင်ရွက်ခြင်း ပြုသူသည် ပြစ်မှုထင်ရှား စီရင်ခြင်းခံရမည်ဖြစ်သည် ။

အထက်လူကြီး၏ အမိန့်အရ လုပ်ရပါသည် ဟု အကာအကွယ် မယူနိုင်ပါ။ ရဲသားတစ်ဦးက အခြားရဲသားနှစ်ဦးအား လမ်းတွင် တွေ့သည့်

လူဆိုးကိုဖမ်းရန်နှင့် အဖမ်းမခံပါက သေနတ်နှင့် ပစ်ရန် အမိန့်ပေးသည် ။

ထိုအမိန့်ပေးသည့် အတိုင်း အမိန့်ပေးခံရသည့် ရဲများက လမ်းပေါ်၌ လူနှစ်ယောက်ကိုတွေ့၍ ရပ်တန့်ရန်ပြောရာ တစ်ယောက်ထွက်ပြေးသဖြင့် သေနတ်နှင့် ပစ်လိုက်သောကြောင့် ထိုသူ သေဆုံးရလျှင် ပစ်သည့် ရဲတွင် တာဝန်ရှိမည်ဖြစ်သည် ။

မိမိတို့ အကြီးအကဲ၏ မတရားသောအမိန့်ကို နာခံကာ ပြုလုပ်ခြင်းဖြစ်သည် ဟု ထုချေခြင်းပြုနိုင်မည်မဟုတ်ကြောင်း။ (အစိုးရနှင့် မြတ်သာ၊ ရွေးချယ်ထားသော စီရင်ချက်များ ၊ အောက်မြန်မာပြည် ၁၆၄)တွင် ဆုံးဖြတ်ထားသည် ။

အလားတူပင် စစ်တပ်မှ တပ်သားတစ်ဦးသည် မိမိအထက်အရာရှိက အမိန့်ပေးသည် ဆိုတိုင်း မျက်စိမှိတ်၍ လိုက်နာဆောင်ရွက်ခြင်းမပြုနိုင်ပါ။

တရားဥပဒေနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည့် ပြုလုပ်မှုတစ်ခုခုကိုပြုရန် အမိန့်ပေးရာ၌ လိုက်နာဆောင်ရွက်လျှင် ပြစ်မှုမြောက်မည်ဖြစ်သည် ။

တပ်သားဟူသည် စစ်ဗိုလ်၏ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာရမည်ဆိုသော နားလည်မှုအတိုင်း ဥပဒေနှင့် ဆန့်ကျင်သောအမှုကို လိုက်နာပြုလုပ်လျှင် ယင်းသို့ ပြုလုပ်သူသည် ဥပဒေအယူအဆ လွဲမှားခြင်းသာဖြစ်ပေသည် ။

စစ်ဗိုလ်၏ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာရမည်ဆိုခြင်းမှာ တရားဥပဒေနှင့် မဆန့်ကျင်သော အမိန့်ကိုသာ ရည်ညွှန်းပေသည် ။

စစ်ဗိုလ်က လူသတ်ခိုင်းလျှင်ဖြစ်စေ၊ မုဒိမ်းကျင့်ရာ၌ ကူညီရန် ခိုင်းလျှင်ဖြစ်စေ၊ တပ်သားသည် လိုက်နာဆောင်ရွက်ပါက တပ်သားအပေါ် ဥပဒေအရ တာဝန်ရှိမည်ဖြစ်သည် ။

တရားဥပဒေစိုးမိုးရေး (Rule of law) ထွန်းကားပါစေသတည်း။

******